
www.ISPMyanmar.com
ISP DATA MATTERS
20 April 2022

HUMAN RIGHTS VIOLATIONS

အလေးထားရမည့် ဒေတာအချက်အလက်များ **အမှတ်-၁၄**

## တနှစ်ကျော်အတွင်း လွတ်ငြိမ်းချမ်းသာခွင့်ရသူ ၅၇,၀၀၀ ကျော်တွင် နိုင်ငံရေးအကျဉ်းသား ရှစ်ရာခိုင်နှုန်းခန့်သာပါဝင်

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် မေ ၁၈ ရက်အထိ ဖြစ်ပါသည်။




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် မေ ၁၈ ရက်အတွင်း နိုင်ငံတဝန်းရှိ အကျဉ်းထောင်များထဲတွင် ချုပ်နှောင်ခံထားရပြီး တရားစွဲခံထားရသူများနှင့် ထောင်ဒဏ်ကျခံနေရသူများထဲမှ စုစုပေါင်း **၅၇,၀၉၁ ဦး**ကို စစ်ကောင်စီက လွတ်ငြိမ်းချမ်းသာခွင့် ခုနစ်ကြိမ်ကြေညာ၍ ပြန်လွှတ်ပေးခဲ့သည်။ ၂၀၂၁ ခုနှစ်အတွင်း ဖေဖော်ဝါရီ ၁၂ ရက်တွင် **၂၃,၃၁၄ ဦး**၊ မေ ၁၇ ရက်တွင် **၂၃,၆၀၇ ဦး**၊ ဇွန် ၃၀ ရက်တွင် **၂,၂၉၆ ဦး**၊ အောက်တိုဘာ ၁၈ ရက်တွင် **၅,၆၃၆ ဦး**၊ ၂၀၂၂ ခုနှစ်အတွင်း ဖေဖော်ဝါရီ ၁၂ ရက်တွင် **၈၁၄ ဦး**၊ မတ် ၂ ရက်တွင် **ငါးဦး**၊ မေ ၁၇ ရက်တွင် **၁,၆၁၉ ဦး**တို့ကို လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့ခြင်းဖြစ်သည်။ လွတ်ငြိမ်းချမ်းသာခွင့်ရရှိသူ **၅၇,၀၉၁ ဦး**အနက် နိုင်ငံရေးနှင့်ဆက်နွယ်၍ ဖမ်းဆီးချုပ်နှောင်ခံရသူ **၄,၅၅၆ ဦး**ခန့်သာ ပါဝင်ခဲ့သည်။ ထိုအရေအတွက်သည် စုစုပေါင်း လွတ်ငြိမ်းချမ်းသာခွင့်ရရှိသူဦးရေ၏ **ရှစ်ရာခိုင်နှုန်းခန့်**သာရှိသည်။ ကျန် **၉၀ ရာခိုင်နှုန်းကျော်**မှာ နိုင်ငံရေးနှင့်ဆက်နွယ်ခြင်းမရှိသည့် အခြား ပြစ်မှု ပြစ်ဒဏ်များဖြင့် အကျဉ်းကျခံနေရသူများဖြစ်သည်။

မှတ်ချက် - ဖော်ပြပါအချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ ဖော်ပြချက်များကို အခြေခံ၍ လက်လှမ်းမီသမျှ ပြုစုထားခြင်းဖြစ်ပါသည်။ မြေပြင်အခြေအနေတွင် ယခုထက်ပိုမို များပြားနိုင်ပါသည်။